# NEWSLETTER

*15 June 2023*

Karen Education and Culture Department



## GED နှင့်တပါတည်း သင်ယူလေ့လာစရာများ

**BY : KO PHYOE**

GED သင်ယူလေ့လာမှုနဲ့ပတ်သက်ပြီးအထောက်အကူဖြစ်စေမယ်လို့ ယုံကြည်တဲ့အတွက် ဒီအကြံပြုချက်လေးကို ပေးပါရစေ၊ မြန်မာနိုင်ငံပြည်တွင်းမှာလတ်တလောအခြေအနေအရလူငယ်များ အထက်တန်းအောင်ဖို့အရေးနဲ့ အဆင့်မြင့်ပညာရေးကို ဆက်သွားနိုင်ဖို့မဖြစ်မနေဖြည့်ဆည်းရမယ့်လိုအပ်ချက်တစ်ခုလိုဖြစ်လာတဲ့အတွက် ပြည်တွင်းက ကျောင်းသားမိဘတွေ အနေနဲ့ **GED** ကို ပထမဦးစားပေးတရပ်အဖြစ် ထွက်ပေါက်တစ်ခုအသွင် စဉ်းစားလာကြတာ အားလုံးအသိပါ။

တလောကပဲ လုပ်ဖော်ကိုင်ဖက်ဆရာတစ်ယောက်က "သစ်မရခင် ဝါးပေါင်းကွပ်ဆိုသလို **GED** စနစ်ကို ယာယီအသုံးချသင့်ပြီး အရှည်သဖြင့် အတွက်တော့ ကိုယ့်ကိုယ်ပိုင်စနစ်တခု မဖြစ်မနေ ထူထောင်သင့်ကြောင်း"………



## သတင်းများ

(၁) ဂျူနီယာကောလိပ် ကျောင်းဆင်းပွဲများ

(၂) အခြေခံပညာကျောင်းဖွင့်ရာသီ

(၃) သင်ထောက်ကူပစ္စည်းဝေမျှခြင်း

(၄) ၂၀၂၃-၂၀၂၆ကရင်ပညာရေးနှင့်ယဉ်ကျေးမှုဌာ မဟာဗျူဟာ ရေးဆွဲခြင်း

(၅) နှစ်ပါတ်လည်အစည်းအဝေးကျင်းပခြင်း

(၆) ဂျူနီယာကောလိပ် စာသင်နှစ် သစ် ကျောင်းဖွင့်ပွဲ

## Federal စနစ်အတွက် အရေးကြီးတဲ့ မိခင်ဘာသာစကား




## ဖက်ဒရယ်စနစ်အတွက်အရေးကြီးတဲ့မိခင်ဘာသာစကား

**BY: STH**

ဖေဖော်ဝါရီလ (၂၁) ရက်နေ့ဟာ အပြည်ပြည်ဆိုင်ရာမိခင်ဘာသာစကားနေ့ ဖြစ်ပါတယ်။ မိခင်ဘာသာစကားဟာလူ မျိုးစုကြီးဖြစ်စေလူမျိုးစုငယ်ဖြစ်ပါစေသူတို့ရဲ့မိဘဘိုးဘွား တွေ အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက် လက်ဆင့်ကမ်းအမွေ ပေးလာကြတဲ့ ယဉ်ကျေးမှုပြယုဂ်တခု ဆိုရင်မမှားပါဘူး။ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်ကြမယ်လို့ရည်သန်ထားကြတဲ့လူတိုင်းကလည်းမိခင်ဘာသာ စကားနဲ့ ပက်သက်ရင် အထူးအလေးပေးဆောင်ရွက်ကြဖို့လိုအပ်ပါတယ်။

မိခင်ဘာသာစကားဟာဖက်ဒရယ်စနစ်အတွင်းမှယဉ်ကျေးမှု နဲ့ ဘာသာစကားကွဲပြားမှုကိုထိန်းသိမ်းမြှင့်တင်တဲ့နေရာမှာ အရေးပါတဲ့အခန်းက ပါဝင်တဲ့အတွက်ကြောင့် ......

**"ဖက်ဒရယ်စနစ်အတွက်အရေးကြီးတဲ့မိခင်ဘာသာစကား" မှ အဆက်**

ဖက်ဒရယ်စနစ်အတွက်အထူးအရေးကြီးပါတယ်လို့ပြောရင်မမှားနိုင်ပါဘူး။ဖက်ဒရယ်စနစ်မှာဗဟိုအစိုးရနဲ့ပြည်နယ်သို့မဟုတ်ယူနစ်အလိုက်အစိုးရတွေအကြား အာဏာနဲ့လုပ်ပိုင်ခွင့်တွေကို ခွဲဝေပေးထားပါတယ်။ မတူညီတဲ့ ပြည်နယ် (သို့) ယူနစ်တွေအတွင်းက ဘာသာစကားနဲ့ ယဥ်ကျေးမှုကွဲပြားမှုတွေက ပြည်ထောင်စုအတွင်းအာဏာဘယ်လိုခွဲဝေကြမလဲ ဘယ်လိုကျင့်သုံးကြမလဲဆိုတဲ့ကိစ္စရပ်တွေအထိ အရေးပါပါတယ်။
ဖက်ဒရယ်စနစ်ရဲ့ အဓိကအကျိုးကျေးဇူးတွေထဲကတစ်ခုကတော့ ဒေသန္တရထိန်းချုပ်မှုနဲ့ ဆုံးဖြတ်ချက်တွေချမှတ်ခြင်းကို ပိုမိုခွင့်ပြုထားတာကြောင့် နိုင်ငံတစ်ခုအတွင်းမှာရှိတဲ့ မတူညီတဲ့အသိုင်းအဝိုင်းတွေရဲ့ လိုအပ်ချက်တွေနဲ့ အကျိုးစီးပွားတွေကို ကိုယ်စားပြုပြီး ကိုင်တွယ်ဖြေရှင်းနိုင်စေပါတယ်။ဒါပေမယ့်အဲ့ဒီလိုကိုင်တွယ်ဖြေရှင်းဖို့ဆိုရင် အဲ့ဒီလူ့အဖွဲ့အစည်းက သူတို့ရဲ့လိုအပ်ချက်တွေ အကျိုးစီးပွားတွေ တောင်းဆိုမှုတွေကို ထိရောက်တဲ့နည်းလမ်းနဲ့ဖော်ပြဖို့လိုပါတယ်။ ဘာသာစကားဟာအဲ့ဒီလိုကိစ္စတွေကိုဖော်ဆောင်ပေးတဲ့အဓိကအချက်ဖြစ်ပါတယ်။ လူတွေရဲ့ ထင်မြင်ယူဆချက် စိုးရိမ်မှု တောင်းဆိုမှုတွေကို ဆက်သွယ်ပေးတဲ့နည်းလမ်းတခုလည်းဖြစ်ပါတယ်။
ဖယ်ဒရယ်စနစ်တစ်ခုအတွင်းမှာရှိတဲ့ မတူညီတဲ့အသိုက်အဝန်းတွေက သူတို့ရဲ့ ကိုယ်စားလှယ်တွေနဲ့ဆက်သွယ်ပြောဆိုဖို့ နိုင်ငံရေးလုပ်ငန်း စဉ်တွေမှာ ပါဝင်ဖို့ သူတို့ရဲ့ကိုယ်ပိုင်စကား မိခင်ဘာသာစကားကိုအသုံးပြုတဲ့အခါမှာ သူတို့ရဲ့ယုံကြည်မှုကပိုတိုးတက်လာပါတယ်လို့ခံစကားရပါတယ်။အဲ့ဒါကိုကဖက်ဒရယ်စနစ်အတွင်းကမတူညီတဲ့အသိုင်းအဝိုင်းတွေကြား ယုံကြည်မှုနဲ့ပူးပေါင်းဆောင်ရွက်မှုကိုတည်ဆောက်ဖို့ကူညီ ပေးပါတယ်။ ဆန့်ကျင်ဖက်အားဖြင့်တော့ ဘာသာစကားတခုကိုအသုံးပြုခွင့်ကန့်သတ်တာ ဖိနှိပ်တာ ဖြစ်လာရင် အဲ့ဒီဘာသာစကားပြောဆိုသူတွေရဲ့စိတ်ထဲမှာ သူတို့က ဘေးဖယ်ထားခံရတယ်၊ကန့်သတ်ထားခံရတယ် ဆိုတဲ့အမြင်တွေ ခံစားမှုတွေဖြစ်ပေါ်စေပါတယ်။ အဲ့ဒါကပဲ ဖက်ဒရယ်စနစ်အတွင်းမှာ မတူညီတဲ့အသိုင်းအဝိုင်းတွေကြား တင်းမာမှုနဲ့ ပဋိပက္ခတွေကို ဖန်တီးနိုင်ပါတယ်။ နိုင်ငံရဲ့ တည်ငြိမ်အေးချမ်းမှုကို ဆိုးဆိုးဝါးဝါးထိခိုက်တဲ့အထိဖြစ်နိုင်ပါတယ်။
အဲ့ဒါအပြင် အပေါ်က ဖော်ပြခဲ့သလို မိခင်ဘာသာစကားက ယဥ်ကျေးမှုပြယုဂ်တခုဖြစ်တဲ့အတွက် ဒါကိုထိန်းသိမ်းစောင့်ရှောက်ကြဖို့ လူမျိုးစုတိုင်းက အာရုံစိုက်လေ့ရှိကြပါတယ်။ ဒါဟာလူမျိုးစုဖြစ်ခြင်းရဲ့ ခံတပ်တခုဖြစ်တယ်ဆိုရင်လည်းမမှားပါဘူး။ ဒါ့ကြောင့် မိခင်ဘာသာ စကားဟာ လူမျိုးစုတွေရဲ့ဖြစ်တည်မှု ကိုယ်ပိုင်ပြဋ္ဌာန်းမှု ဖြစ်တဲ့အပြင် ဖက်ဒရယ်ပြည်ထောင်စုစနစ်အတွင်းက အရေးကြီးတဲ့ဖြစ်စဉ်တခုဖြစ်ကြောင်း ဖော်ပြအပ်ပါတယ်။

**"GED နှင့်တပါတည်း သင်ယူလေ့လာစရာများ" မှ အဆက်**

"ဘာကြောင့်လဲဆိုတော့ ကျနော်တို့နဲ့ အလှမ်းကွာတဲ့အမေရိကန်ရဲ့ နိုင်ငံရေးစနစ်၊ စာပေ၊ ပထဝီ၊ သမိုင်း၊ ယဥ်ကျေးမှုတွေ လေ့လာရတဲ့အတွက် ယာယီသဘော သုံးစေချင်တဲ့သဘောကို" အကြံပြုထားပါတယ်။ ဒီလိုကိုယ်ပိုင်စနစ်တစ်ခုပေါ်လာမှသာ ကျနော်တို့နဲ့နီးစပ်တဲ့ ကိုက်ညီသင့်တော်တဲ့ အကြောင်းအရာတွေ သင်ယူလေ့လာနိုင်ပြီး အဓိပ္ပါယ်ရှိတဲ့ ပညာရေးကို ရမှာဖြစ်ပါတယ်။ ဒီကိုယ်ပိုင်စနစ်ပေါ်လာအောင် အဖက်ဖက်က ဝိုင်းဝန်းကြိုးစားနေကြတဲ့အချိန်မှာ **GED** ကို ရေတိုထွက်ပေါက်အနေနဲ့ အသုံးပြုနေကြတာ အားလုံးနားလည်မှာပါ
**GED** အကြောင်းကိုတော့အတော်အတင့်သိရှိထားပြီး ဖြစ်တဲ့အတွက် အကျယ်တဝင့်ထပ်ရှင်းပြစရာတော့ လိုမယ်မထင်တော့ပါ။ အချုပ်ပြောရရင်တော့ အထက်တန်းမပြီးသေးတဲ့လူငယ်တွေ ဘယ်နှစ်တန်းမှာပဲ သင်ခဲ့သင်ခဲ့ **GED** စာမေးပွဲအောင်ရင် အထက်တန်းဆင့်နဲ့ ညီမျှတဲ့ နိုင်ငံတကာအသိအမှတ်ပြု အောင်လက်မှတ်ရမှာဖြစ်ပြီး တက္ကသိုလ်ဆက်တက်ဖို့ လမ်းကြောင်း ပွင့်သွားတာပါပဲ။
လတ်တလောမှာ အလယ်တန်းနဲ့ အထက်တန်းမပြီးသေးတဲ့ လူငယ်တွေ **GED** လုပ်ကြဖို့ စိတ်ဝင်စားလာကြသလိုကျောင်းသားမိဘတွေ၊ပြည်တွင်းက ပညာရေးအဖွဲ့အစည်းတွေကနေလည်း အင်တိုက်အားတိုက် **GED** လမ်းကြောင်းလိုက်ကြဖို့ ကြိုးစားအားထုတ်လာကြပါတယ် ။**GED** စာမေးပွဲအောင်မြင်အောင် လေ့ကျင့်သင်ကြားပေးတဲ့ ကျောင်းတွေ၊ အဖွဲ့အစည်းတွေ၊ တစ်ဦးချင်းနည်းပြဆရာတွေက အမျိုးမျိုးသောနည်းလမ်းတွေနဲ့ ဖွင့်လှစ်သင်ကြားပေးလာကြတာ တွေ့ရပါတယ်။တချို့လည်း အခမဲ့၊တချို့က ဈေးနှုန်းချိုသာစွာ တချို့ကဈေးနှုန်းအသင့်အတင့်၊တချို့က ၁-လပြတ်၊ ၃-လပြတ်၊ ၆-လပြတ် သင်တန်းကြေးဘယ်လောက် စသဖြင့် အာမခံတွေနဲ့ နည်းလမ်းမျိုးစုံ လေ့ကျင့်သင်ကြားပေးကြပါတယ် အားရစရာပါ။ ဒီနေရာမှာ အရေးကြီးတာတစ်ခုကဥပမာ ၇ တန်း ၈ တန်းအထိသာကျောင်းတက်ခဲ့ဘူးသော်လည်း၊ အခြေခံအထက်တန်းဘာသာရပ်တွေကို လေ့လာထားမယ် ဆိုရင် GED စာမေးပွဲတွေ ဝင်ရောက်ဖြေဆိုနိုင်ပါတယ်။ အဆင့်မြင့်ပညာများ လေ့လာသင်ယူရန်နှင့် လူ့ဘဝကို ရင်ဆိုင်ရန် ကျွမ်းကျင်မှုနှင့် စွမ်းရည်များလိုအပ်ပါတယ်။တချို့က အခက်အခဲကာလမှအိမ်မှာကိုယ့်နည်းကိုယ့်ဟန်နဲ့ ပညာဆက်လက်ဆည်းပူးတာတို့ အွန်လိုင်းကနေ လေ့လာတာတို့လုပ်ခဲ့ကြရင်း၊အလုပ်လုပ်ရင်း အတွေ့အကြုံကနေသင်ယူလေ့လာတာတို့ကနေတဆင့် သူတို့ရဲ့ အသိပညာတိုးတက်ဖွံ့ဖြိုးလာမှာ အသေအချာပါပဲ။
**GED** ကို စာမေးပွဲအောင်ရုံ (**GED** အစမ်းလေ့ကျင့်တဲ့စာမေးပွဲတွေ ထပ်ခါထပ်ခါလေ့ကျင့်ရင်း) လေ့ကျင့်သင်ကြားပေးလိုက်မယ်ဆိုရင် ဒီကလေး တက္ကသိုလ်ဝင်ခွင့်အတွက် အောင်လက်မှတ်ရသွားပေမယ့် တက္ကသိုလ်ပညာရေးအတွက် အဆင်သင့်ဖြစ်သွားပြီလားဆိုတာ မေးခွန်းထုတ်စရာဖြစ်လာပါတယ်။ **GED** စာမေးပွဲအောင်ဖို့ လေ့ကျင့်သင်ကြားပေးလိုက်တဲ့ စာမေးပွဲအခြေပြုအကြောင်းအရာတွေက တက္ကသိုလ်ဆက်သွားဖို့ လုံလောက်မယ်လို့ မမြင်ပါ။
အဓိကအကြံပြုချင်တာက **GED** စာမေးပွဲအောင်ဖို့ လေ့ကျင့်သင်ကြားပေးနေတဲ့ ဘယ်သူမဆို ဖြစ်နိုင်ရင် ကလေးတွေကို **GED** နဲ့တပါတည်းတခြားလိုအပ်တဲ့ ကျွမ်းကျင်မှုတွေကိုပါ ထပ်ပေါင်းလေ့ကျင့်သင်ကြားပေးနိုင်မယ်ဆိုရင် ဒီကလေးတွေအထက်တန်းအောင် လက်မှတ် ရသွားမယ့်အပြင် တက္ကသိုလ်အတွက်ဘဝရှေ့ရေးအတွက် မရှိမဖြစ် အသုံးဝင်မယ့် ကျွမ်းကျင်မှု ဗဟုသုတ ပညာတွေနဲ့ တခါတည်း တပ်ဆင်ပေးလိုက်ပြီးသား ဖြစ်သွားမယ်ဆိုရင် ပိုကောင်းမယ်ထင်ပါတယ်။ တက္ကသိုလ်ပဲ ဆက်တက်တက်၊ လုပ်ငန်းခွင်ပဲဝင်ဝင်၊ လူထုဖွံ့ဖြိုးရေးကဏ္ဍတွေမှာပဲလုပ်လုပ် သူတို့အတွက် ပိုပြီးထိထိရောက်ရောက် လုပ်သွားနိုင်မှာပါ။
GED အောင်ပြီး ချက်ချင်းတက္ကသိုလ်ဆက်တက်မယ်ဆိုပါစို့တက္ကသိုလ်မှာလိုအပ်မယ့် ကျွမ်းကျင်မှုတွေကိုပြင်ဆင်ပေးလိုက်သင့်ပါတယ် ဥပမာ - ဘာသာစကားကျွမ်းကျင်မှုလား (Language Skill)၊ အပြန်အလှန်ဆက်သွယ်မှုဆိုင်ရာ ကျွမ်းကျင်မှုလား (Communication Skill)၊ ဝေဖန်ပိုင်းခြားစဉ်းစားနိုင်မှုလား (Critical thinking)၊ ပြဿနာဖြေရှင်းနိုင်မှုလား (Problem solving)၊ ပေါင်းသင်းဆက်ဆံရေးဆိုင်ရာ ကျွမ်းကျင်မှုလား (Social Skill)၊ လူမှုစိတ်ခံစားမှုဆိုင်ရာသင်ယူလေ့လာမှုလား (Socio-emotional learning)၊ စာရေးစာဖတ်ကျွမ်းကျင်မှုလား (Academic skill)၊ အုပ်စုဖွဲ့ဆွေးနွေးနိုင်မှုလား (Group discussion)၊ အကြောင်းအရာတစ်ခုကို ထိထိရောက်ရောက် တင်ပြနိုင်မှုလား (Presentation)၊ သုတေသနဆိုင်ရာ ကျွမ်းကျင်မှုလား (Research)၊ နည်းပညာအသုံးပြုမှုဆိုင်ရာ ကျွမ်းကျင်မှုလား (Technology and Digital Literacy)၊ ကိုယ့်ပညာရေးအတွက် ကိုယ်ပိုင်တာဝန်ယူတတ်နိုင်မှုဆိုင်ရာ ကျွမ်းကျင်မှုလား (Self-direct learning)၊ အချိန်စီမံခန့်ခွဲနိုင်မှုလား (Time management)၊ ကိုယ့်ကိုကိုယ်ပြန်လည်သုံးသပ်နိုင်ပြီး အများအပေါ်နားလည်ပေးနိုင်မှုလား (Self-reflection and empathy)၊ အများနဲ့ လိုက်လျောညီထွေနေထိုင်နိုင်မှုလား (Flexibility)၊ နိုင်ငံသားနှင့်ခေါင်းဆောင်မှုဆိုင်ရာကျွမ်းကျင်မှုလား (Civic engagement and leadership) ၊ အခက်အခဲကြားမှာ ကြံ့ကြံ့ခံတွန်းလှန်ပြီး ကိုယ့်ရည်မှန်းချက်ပန်းတိုင်ကို လမ်းမလွဲသွားအောင် တစိုက်မတ်မတ် ဦးတည်ထားနိုင်မှုလား (Resilience)၊တီထွင်ဖန်တီးနိုင်မှုနဲ့

အများနဲ့ပူးပေါင်းဆောင်ရွက်နိုင်မှုလား (Creativity and Collaboration) အစရှိတဲ့ မရှိမဖြစ်လိုအပ်တဲ့ ကျွမ်းကျင်မှုတွေကိုလည်း ထပ်လောင်းဖြည့်စွက်သင်ကြားပေး လိုက်နိုင်မယ်ဆိုရင် ဒီလူငယ်တွေရဲ့ ရှေ့ရေးအတွက် အသုံးကျမယ်ထင်ပါတယ်။

GED အောင်ပြီးရင် ပညာသင်ဆုလျှောက်ပြီး နိုင်ငံတကာတက္ကသိုလ်တွေကိုဆက်တက်မယ်ဆိုရင်လည်းပြင်ဆင်မှုတွေလိုပါတယ် ပညာသင်ဆုရနိုင်ဖို့ ဘာတွေပြင်ဆင်ထားရမလဲဆိုတာကတော့ အားလုံးအသိပါကိုယ့်စိတ်ဝင်စားမှုနဲ့ကိုယ့်ရဲ့အနာဂတ်သက်မွေးမှုလုပ်ငန်းရည်မှန်းချက်ကိုက်ညီမှုရှိ၊မရှိကိုသိရှိမှု၊ကိုယ်တက်မယ့်ဘာသာရပ်ရဲ့ အကြောင်းအရာကိုနှံ့စပ်မှု၊ တက္ကသိုလ်ဝင်ဖို့ လိုအပ်တဲ့အရည်အချင်းတွေပြည့်မီမှု၊ ဘာသာစကားကျွမ်းကျင်မှုအထောက်အထား၊ စသဖြင့် ပြင်ဆင်ထားရပါမယ်နောက်တစ်ခု အရေးကြီးတာက ကိုယ့်ရပ်ရွာအဖွဲ့အစည်း လူမှုအကျိုးပြုလုပ်ငန်းတွေမှာ ပါဝင်မှု၊ အတွေ့အကြုံရှိမှုက ပညာသင်ဆုရဖို့ အခရာကျပါတယ်။

ပြီးခဲ့တဲ့ အပတ်ကပဲ Mote Oo နဲ့ Child's Dream Foundation တို့ ဦးဆောင်စီစဉ်တဲ့အထက်တန်းလွန်ပညာရေးဆွေးနွေးပွဲမှာအတွေ့အကြုံရင့်ပညာရှင်များနဲ့ဆရာ/မများကအတွေ့အကြုံတွေ၊အကြံပြုချက်တွေဝေမျှသွားခဲ့သည်မှာလူမှုအကျိုးပြုလုပ်ငန်းတွေဆိုရာမှာနီးစပ်ရာဘုန်းကြီးကျောင်းတွေ၊ဘုရားရှိခိုးကျောင်းတွေ၊လူမှုရေးနဲ့ပရဟိတအသင်းအဖွဲ့တွေ၊ လူထုအခြေပြုအဖွဲ့အစည်းတွေမှာ စေတနာ့ဝန်ထမ်းအဖြစ် ဝင်ရောက်လုပ်ကိုင်ရင်းနဲ့ အတွေ့အကြုံတွေဗဟုသုတတွေရှာမှီးနိုင်တာကိုယ်တကယ်စိတ်ပါဝင်စားတဲ့ဘာသာရပ်ကိုပဲ တစိုက်မတ်မတ်သင်ယူလေ့လာခွင့်ရအောင် နည်းမျိုးစုံနဲ့ကြိုးစားဖို့ (ဥပမာ - လိုအပ်ရင် Student loan ယူပြီးကိုယ်တကယ်စိတ်ဝင်စားတဲ့ဘာသာရပ်ကိုတက်ဖို့)ပညာသင်ဆုရလွယ်တဲ့ ဘာသာရပ်နောက်ကိုပဲ မလိုက်ဖို့တွေပါ။

ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့အခြေစိုက် BEAM Education Foundation မှာ GED နဲ့ပတ်သက်ပြီး လေ့ကျင့်သင်ကြားပေးနေတဲ့ ပရိုဂရမ် ၂ ခုရှိပါတယ်၊ တစ်ခုက CYLD လို့ခေါ်တဲ့ လူထုအခြေပြုလူငယ်ခေါင်းဆောင်ဖွံ့ဖြိုးရေးပရိုဂရမ်နဲ့ နောက်တစ်ခုက GED Online Program အဖြစ် အွန်လိုင်းကတဆင့် လေ့ကျင့်သင်ကြားပေးတဲ့ ပရိုဂရမ်တွေရှိပါတယ် GED ပရိုဂရမ်တွေနဲ့ပါတ်သက်ပြီး Update Information တွေရရှိဖို့ BEAM Education Foundation ရဲ့ ဖေ့စ်ဘွတ်စာမျက်နှာကို Follow လုပ်ထားကြဖို့ တိုက်တွန်းလိုပါတယ် ။

အချုပ်ဆိုရရင် GED စာမေးပွဲအောင်ဖို့ လေ့ကျင့်သင်ကြားပေးနေကြတဲ့ အဖွဲ့အစည်းတွေ၊ ပညာရေးအဖွဲ့တွေ၊ ကျောင်းတွေ၊ တစ်ဦးချင်းတွေက အနာဂတ်မျိုးဆက်သစ်လူငယ်တွေမွေးထုတ်ပေးနိုင်ဖို့စာမေးပွဲအောင်ဖို့ ရည်ရွယ်ချက်တစ်ခုတည်းမထားဘဲ GED ပြင်ဆင်ပေးရင်းမှာပဲ အထက်မှာဖော်ပြခဲ့သလို မရှိမဖြစ်လိုအပ်တဲ့ တခြားကျွမ်းကျင်မှုကိုပါ စေတနာရှေ့ထား၍ အတတ်နိုင်ဆုံးကြိုးစားပြီး ပြင်ဆင်ပြုစုလေ့ကျင့်ပျိုးထောင်ပေးဖို့ ဆန္ဒပြုရင်း ။

**KP (5th July, 2022)**

## Resistance, Resilience and Remembrance

စောကပီ

မြန်မာစစ်တပ်ကအုပ်ချုပ်တာကိုမလိုချင်သလို ဘယ်အာဏာရှင်မျိုးကိုမဆို ခုခံတွန်းလှန်မယ်ဆိုတဲ့ စိတ်ဓာတ် (resistance) နဲ့ နှစ်ပေါင်း ၇၀ ကျော် ရပ်တည်ရှင်သန်ခဲ့ကြတယ်။ ဒီလိုအခက်အခဲတွေကြားထဲ မှာပဲ ကျွန်တော်တို့ ကျောင်းတွေဆောက် သင်ရိုးတွေပြုစု အနာဂါတ်အတွက် ကလေးတွေကို ကြိုးစားပြီးပြုစုပျိုးထောင်ဖို့ လုပ်ကြတယ်။

အဲ့ဒါကို မြန်မာစစ်တပ်ကဘာလုပ်လဲဆိုတော့လေယာဉ်နဲ့ဗုံးလာကြဲတယ် မင်းတို့မျိုးရိုးစဉ်ဆက်ပညာမတတ် စာမတတ်စေရ၊ လူစဉ်မမှီစေရဘူးဆိုတဲ့သဘောပေါ့။

ဒီစစ်တပ်ကကျနော်တို့လူထုအပေါ်မှာထားတဲ့သဘောထားကရှင်းပါတယ်၊သူသုံးလို့ရရင်အနေချောင်မယ်။သူ့အာဏာကိုဖီဆန်တယ်ဆိုရင်မျိုးဖြုတ်ပစ်မယ်ဆိုတဲ့သဘောမျိုး။

ဒါပေမယ့်ကျွန်တော်တို့လူထုကကြံ့ကြံ့ခံနိုင်ရည်ရှိတယ်။ resilience ရှိတယ်ပဲပြောရမှာပေါ့။ခက်ခဲတယ်ကြမ်းတမ်းတယ်ဒါကိုနည်းမျိုးစုံနဲ့ကျော်ဖြတ်ဖို့ကြိုးစားတယ်။စာသင်ခန်းဆောက်ထားတယ်သို့သော် စာသင်ခန်းထဲမှာ စာသင်ပေးဖို့ လေယဉ်ဗုံးလာကြဲမှာစိုးရိမ်နေရတယ်။ အဲ့တော့ကျောင်းအဆောက်အဦရှိလျက်နဲ့ တောထဲ ချုံထဲ သစ်ပင်ဝါးပင်အောက်မှာကလေးတွေကို စာသင်ပေးရတယ်။အပြုံးမပျက်သင်တယ်။ ကိုယ့်ကလေးကိုလည်းချစ်ထားသလိုသူများကလေးတွေကိုလည်းစာသင်ပေးတယ်။ ဒါဟာ နောက်မျိုးဆက်သစ် လူညွှန့်မတုံးစေရေးအတွက်ဖြစ်တယ်။

ကြာလာတော့ကျနော်တို့လူမျိုးတွေကိုလူမျိုးတုံးသွားအောင် လူညွှန့်တုံးသွားအောင်လုပ်ချင်တဲ့မြန်မာစစ်တပ်တစ်နေ့ကျဆုံးတာမြင်ချင်တဲ့စိတ်ပေါက်လာတယ်။နိုင်ငံရပ်ခြားမှာပညာရှာခွင့်ရနေသူတွေကိုလည်းဒါတွေကိုသိပြီးသတိရစေချင်တယ်။အခွင့်အရေးရတုန်းကြိုးစားပြီးတခြားမရတဲ့သူတွေအတွက် ပြန်လည်မျှဝေနိုင်ဖို့ သတိတရ စဉ်းစားပေးစေချင်တယ်။ **Try your best in remembrance of the suffering of your people** ပေါ့။

ကျွန်တော်အလှူမခံချင်ဘူး၊လက်ရှိဖြစ်နေတာကိုပဲပြောပြချင်တာ။အချို့အလုပ်တွေကလှူတဲ့လူရှိမှလုပ်ရတာမဟုတ်ဘူး။ရှင်သန်ဖို့အတွက်လုပ်ကိုလုပ်နေရတာ။လှူရင်တော့ကျေးဇူးတင်ပါတယ်။လှူမယ်ဆိုရင်လည်း အချိန်နဲ့ပညာကို ပိုပြီးဦးစားပေး လှူစေချင်ပါတယ်။





**ပုံ ၊ ကော်သူးလေကရင်ရွာတစ်ရွာမှာမျိုးဆက်သစ်တို့ရဲ့ပညာရေးအတွက် အားထုတ်နေကြပုံ**

**(၁) Junior College ကျောင်းဆင်းပွဲများ**

ကရင်ပညာရေးနှင့်ယဉ်ကျေးမှုဌာန ၊ အဆင့်မြင့်ပညာရေးဗျူရို၏ စီမံခန့်ခွဲမှုဖြင့် ဖွင့်လှစ်ထားသည့် အဆင့်မြင့်ပညာရေးအင်စတီကျူးရှင်းများသည် ကော်သူးလေ ခရိုင် (၇) ခရိုင်နှင့် ထိုင်းမြန်မာနယ်စပ် တွင်ဖွင့်လှစ်ထားလျက်ရှိပါသည်။ အဆင့်မြင့်ပညာရေးဗျူရိုမှ တိုက်ရိုက်စီမံခန့်ခွဲသော Junior College (၁၁) ခုရှိပြီး ပုဂ္ဂလိက တက္ကသိုလ် ၁၁ ကျောင်း ရှိပါသည်။ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အချက်အလက်အရ ထိုကျောင်းများ တွင်ပညာသင်ကြား ခဲ့ကြသည့် ကျောင်းသူကျောင်းသား (၂၃၀၇) ဦး ရှိပါသည်။ ထိုကျောင်းများထဲမှ ကျောင်းအချို့၏ ကျောင်းဆင်းပွဲပုံရိပ်များအားဖော်ပြလိုက်ရပါသည်။














## (၂) အခြေခံပညာကျောင်းဖွင့်ရာသီ

ကရင်ပညာရေးနှင့်ယဉ်ကျေးမှုဌာန ၊ အခြေခံပညာရေးဗျူရို၏ စီမံခန့်ခွဲမှုဖြင့် ဖွင့်လှစ်ထားသည့် အခြေခံပညာကျောင်းများသည်ကော်သူးလေ ခရိုင် (၇) ခရိုင်နှင့် ထိုင်းမြန်မာနယ်စပ် တွင်ဖွင့်လှစ်ထားလျက်ရှိပါသည်။ အဆင့်မြင့်ပညာရေးဗျူရိုမှ တိုက်ရိုက်စီမံ ခန့်ခွဲသော ကျောင်းပေါင်း (၁၂၃၃) ကျောင်းရှိသည်။ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အချက်အလက်အရထိုကျောင်းများ တွင်ပညာသင်ကြားခဲ့ကြသည့် ကျောင်းသူကျောင်းသား (၁၀၉၃၂၃) ဦး ရှိပါသည်။ ထိုကျောင်းများထဲမှ ကျောင်းအချို့၏ (၂၀၂၃-၂၀၂၄) စာသင်နှစ် ပထမဦးဆုံးကျောင်းဖွင့်ရက်ပုံရိပ်များအား ဖော်ပြအပ်ပါသည်။


















**(၃) သင်ထောက်ကူပစ္စည်းဝေမျှခြင်း**

ကရင်ပညာရေးနှင့်ယဉ်ကျေးမှုဌာန ၊ အခြေခံပညာရေးဗျူရို၏ စီမံခန့်ခွဲမှုဖြင့် ဖွင့်လှစ်ထားသည့် အခြေခံပညာကျောင်းများသည်ကော်သူးလေ ခရိုင် (၇) ခရိုင်နှင့် ထိုင်းမြန်မာနယ်စပ် တွင်ဖွင့်လှစ်ထားလျက်ရှိပါသည်။ ထိုကျောင်းများအတွက် လိုအပ်သည့် သင်ထောက်ကူပစ္စည်းများ၊ ကျောင်းသုံးစာအုပ်များ၊ ဘောပင်များ၊ ယူနီဖောင်းများ နှင့် အခြားလိုအပ်သော အသုံးအဆောက် ပစ္စည်းများအား နှစ်စဉ် ထောက်ပံ့ပေးပို့လေ့ရှိသည်။ ထိုသို့ပေးပို့ရာတွင် လမ်းပန်း ဆက်သွယ်ရေးနှင့် ပို့ဆောင်ရေးအခက်အခဲများကြောင့်သော်လည်းကောင်း ဈေးနှုန်းမြင့်တက်မှုများကြောင့်လည်းကောင်း အခက်အခဲများစွာရှိသော်လည်း ယခုနှစ်တွင် အောင်မြင်စွာပေးပို့နိုင်ခဲ့ပါသည်။ ထိုသို့ပေးပို့သည့်ခရီးစဉ်ပုံရိပ်များထဲမှ အချို့အား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။









**(၄) ကရင်ပညာရေးနှင့်ယဉ်ကျေးမှုဌာန၏ (၂၀၂၃ - ၂၀၂၆) ၃ နှစ်ခွဲ စာအတွက် မဟာဗျူဟာရေးဆွဲခြင်း**

(၂၀၂၃-၂၀၂၆) အထိ ၃နှစ်ခွဲ စာအတွက် ကရင်ပညာရေးနှင့်ယဉ်ကျေးမှုဌာန၏ မဟာဗျူဟာရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲတရပ်အား (29.5.23) မှ (2.6.23) ထိ ကရင် ပညာရေးနှင့်ယဉ်ကျေးမှုဌာန (KECD) ဌာနချုပ်ရုံးတွင်ကျင်းပခဲ့ပါသည်။ ထိုအလုပ်ရုံဆွေးနွေးပွဲတွင် လက်ရှိ မဟာဗျူဟာအား ပြန်လည်ဆန်းစစ်ခြင်း ၊ ဌာနအလိုက်လုပ်ငန်းစဉ်များအား ပြန်လည်ဆန်းစစ်ခြင်း ၊ ခရိုင် (၇) ခု အလိုက် ပညာရေး လုပ်ငန်းများအား တင်ပြသုံးသပ်ခြင်း၊ မြို့နယ်ပညာရေးတာဝန်ရှိသူများမှ လည်းကောင်းတို့၏လက်ရှိရင်ဆိုင်နေရသည့် အခက်အခဲများ စိန်ခေါ်မှု များအား တင်ပြဆွေးနွေးခြင်းတို့ ပြုလုပ်ခဲ့ကြသည်။ ရှေ့လာမည့် ၃ နှစ်တာကာလတွင် ကရင်ပညာရေးနှင့်ယဉ်ကျေးမှုဌာနအနေဖြင့် မည်သည့်နည်းလမ်းများ ချဉ်းကပ်မှုများဖြင့်လုပ်ဆောင်ရန်သင့်သည် မသင့်သည် စသည်တို့ကိုလည်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ ထိုအလုပ်ရုံဆွေးနွေးပွဲတွင် နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးသူအဖြစ် ဆရာစောကပီ မှ ဦးဆောင်ပေးပြီး ကရင်ပညာရေးနှင့်ယဉ်ကျေးမှုဌာန (KECD) ဗဟို မှရုံးဝန်ထမ်းများ ခရိုင်/ မြို့နယ် ပညာရေးမှူးများ နှင့် ပညာရေးဝန်ထမ်းများ စုစုပေါင်း ၁၂၀ ခန့် ပါဝင်ဆွေးနွေးခဲ့ကြသည်။








**(၅) နှစ်ပါတ်လည်အစည်းအဝေးကျင်းပခြင်း**

ကရင်ပညာရေးနှင့်ယဉ်ကျေးမှုဌာန၏ နှစ်စဉ်ကျင်းပပြုလုပ်နေကြဖြစ်သည့် ခရိုင်၊မြို့နယ် ရှိ ပညာရေးမှူးများ ပညာရေးဌာနအကြီးအကဲများနှင့် ကရင်ပညာရေးနှင့်ယဉ်ကျေးမှုဌာန (ဗဟို) အကြီးအကဲများ ဝန်ထမ်းများ တွေ့ဆုံအစည်းအဝေးကို (5.6.23) မှ (7.6.23) အထိ ဗဟိုရုံးစိုက်ရာ ဘားအံခရိုင် KECD ဌာနချုပ်ရုံးတွင်ကျင်းပခဲ့ပါသည်။ ထိုအစည်းအဝေးတွင် ကုန်လွန်ခဲ့သော နှစ်များမှ ပြုလုပ်ခဲ့သည့် ပညာရေးအစီအမံများ၊ လုပ်ငန်းစဉ်များအား တင်ပြခြင်း၊ အခက်အခဲများ စိန်ခေါ်မှုများ အား ဆွေးနွေးဖလှယ်ခြင်း စသည်တို့ပြုလုပ်ခဲ့ကြပါသည်။ ထိုအစည်းအဝေးတွင် အခြေခံပညာရေး၊ အဆင့်မြင့်ပညာရေး၊ အသက်မွေးဝမ်းကြောင်းပညာရေး၊ ကျောင်းပြင်ပ ပညာရေး စသည်တို့အပြင် ဌာနဖွဲ့စည်းပုံများ လုပ်ငန်းစဉ်များအား စိစစ် ပြင်ဆင်ခြင်းများ၊တိုးချဲ့ခြင်းများ ပြုလုပ်ခဲ့ကြပါသည်။ အစည်းအဝေးသို့ ခရိုင်(၇) ခရိုင်မှ ကိုယ်စားလှယ်များ ၊ ဗဟို မှ အကြီးအကဲများ နှင့် ဝန်ထမ်းများ စုစုပေါင်း (၁၀၀) ကျော်တက်ရောက်ခဲ့ကြပါသည်။








**(၆) Junior College ကျောင်းဖွင့်ပွဲများ**

ကရင်ပညာရေးနှင့်ယဉ်ကျေးမှုဌာန၊ အဆင့်မြင့်ပညာရေးဗျူရို၏ စီမံခန့်ခွဲမှုဖြင့် ဖွင့်လှစ်ထားသည့် အဆင့်မြင့်ပညာရေးအင်စတီကျူးရှင်းများသည် ကော်သူးလေ ခရိုင် (၇) ခရိုင်နှင့် ထိုင်းမြန်မာနယ်စပ် တွင်ဖွင့်လှစ်ထားလျက်ရှိပါသည်။ အဆင့်မြင့်ပညာရေးဗျူရိုမှ တိုက်ရိုက်စီမံခန့်ခွဲသော Junior College (၁၁) ကျောင်းရှိပြီး ပုဂ္ဂလိက တက္ကသိုလ် ၁၁ ကျောင်း ရှိသည့်အပြင် ဆရာအတက်သင်ကျောင်း (၂) ကျောင်းရှိပါသည်။။ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အချက်အလက်အရထိုကျောင်းများ တွင်ပညာသင်ကြား ခဲ့ကြသည့် ကျောင်းသူကျောင်းသား (၂၃၀၇) ဦး ရှိပါသည်။ ယခုလ (၁.၆.၂၀၂၃) ရက်နေ့မှစတင်ကာ ဒေသအသီးသီးရှိ Junior College ကျောင်းများ (၂၀၂၃-၂၀၂၄) ပညာသင်နှစ်အတွက် စတင်ဖွင့်လှစ်နေကြပြီဖြစ်သည်။ ထိုကျောင်းများထဲမှ ကျောင်းအချို့၏ ကျောင်းဖွင့်အထိမ်းအမှတ်ပုံရိပ်များအား ဖော်ပြအပ်ပါ သည်။








## Contact Us


**Karen Education and Culture Department (KECD)**

Email : kecd.info@gmail.com

: communicationandadvocacymanager@proton.me

Website : www.kecdktl.org

Facebook : www.facebook.com/kecdktl

Twitter : @karen_kecd

Instagram : karen_kecd

Youtube : KECD KTL

Office : PO Box 4,Mae Sot, Tak 63110,THAILAND


ကရင်ပညာရေးနှင့်ယဉ်ကျေးမှုဌာန (KECD) သည် ကရင်အမျိုးသားအစည်းအရုံး (KNU)လက်အောက်ရှိ ဌာန ၁၂ ခုအတွင်းမှ ပညာရေး ဝန်ဆောင်မှု နှင့် ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များအတွက် ပြည်သူလူထုအား ဝန်ဆောင်မှုပေးရန် ဖွဲ့စည်းထားသည့် ဌာနတခုဖြစ်သည်။ KECD သည်ကရင်အမျိုးသားအစည်းအရုံး KNU အုပ်ချုပ်နယ်မြေ ခရိုင် ၇ ခုတွင် အခြေခံပညာ ကျောင်း (၁၄၉၅) ကျောင်း အဆင့်မြင့် ပညာရေး ဂျူနီယာကောလိပ် (၁၁) ကျောင်းနှင့် ပုဂ္ဂလိက အဆင့်မြင့်ပညာရေးဝန်ဆောင်မှု (၁၁) ကျောင်း တို့ကို စီမံဖွင့်လှစ်ထားသည်။ ဆရာအတက်သင်ကောလိပ် (၂) ကျောင်းနှင့် သက်မွေးပညာသင်တန်းကျောင်း (၁) ကျောင်း တို့လည်း ဖွင့်လှစ်စီမံလျက်ရှိသည်။

(၂၀၂၁-၂၀၂၂) ပညာသင်နှစ်တွင် အခြေခံပညာ ကျောင်းများ၌ ကျောင်းသား ကျောင်းသူ (၁၀၉၃၂၃) ဦး ပညာသင်ကြားခဲ့ ပြီး အဆင့်မြင့်ပညာ ကျောင်းများတွင် ကျောင်းသား ကျောင်းသူ (၂၃၀၇) ဦး ပညာသင်ကြားခဲ့ကြသည်။